**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

စာအမှတ်၊ စက - ၆၁/ ၀၁ / ၂၀၂၆ ( ၃၅၆ )
ရက် စွဲ ၊ ၂၀၂၆ ခုနှစ် မေလ ၇ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးသုံးစက်ကိရိယာဖြစ်သည့် ICT ဆက်စပ်ပစ္စည်း ၅မျိုး အား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် အောက်ဖော်ပြပါ သတ်မှတ်စံချိန်စံညွှန်းနှင့် တင်ဒါစည်းကမ်းချက်များအတိုင်း ဈေးနှုန်းစိစစ်ရွေးချယ်ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ကုမ္ပဏီ/ အရောင်းဆိုင်များ အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | | အကြောင်းအရာ | အရေအတွက် |
|---|---|---|---|
| Lot-1 | (က) | **Desktop Computer Set** | **15 Sets** |
| | | - Processor : Core i7,14 th Gen | |
| | | - Memory : 8 GB, DDR 5 | |
| | | - Harddisk : SSD 512 GB | |
| | | - Graphic Card : Intel Integrated Graphics | |
| | | - Monitor : Monitor | |
| | | - Optical Drive : DVD – RW | |
| | | - Keyboard : USB Keyboard | |
| | | - Mouse : USB Optical | |
| | | - UPS : 650 VA | |
| | (ခ) | **Laptop Computer Set** | **2 Nos** |
| | | - Processor : Core i7,13 th Gen | |
| | | - Memory : 16 GB, DDR 4 | |
| | | - Harddisk : SSD 512 GB | |
| Lot-3 | (က) | **24 Port Switch** | **3 Nos** |
| | | - 24 RJ 45 Connector | |
| | (ခ) | **Patch Panel with 24 Ports Switch** | **3 Nos** |
| | | - 24 Ports | |
| | | - RJ 45 Ethernet/HDMI/USB | |

(ဂ) **Cable Management** **3 Nos**

- Height 44.45mm (or) 1.75 Inches
- Width 483.108mm (or) 19.02 Inches

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများကို ဝန်ကြီးဌာန တင်ဒါကော်မတီဝင်များ ရှေ့မှောက်ရှိ တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်၊

(ခ) တင်ဒါယှဉ်ပြိုင်သူများသည် ဝင်ရောက်ယှဉ်ပြိုင်မည့် တင်ဒါစပေါ်ငွေအား မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် P.O Cheque ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိသော ကုမ္ပဏီ/အရောင်းဆိုင်များ၏ တင်ဒါစပေါ်ငွေအား ၇ ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်၊

(ဂ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီမှ ရွေးချယ်သူထံမှသာ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူမည်၊

(ဃ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် တင်ဒါယှဉ်ပြိုင်မည့်ကုမ္ပဏီမှ Lot အလိုက်တင်သွင်းမည့် Desktop Computer ၊ Laptop Computer ၊ 24 Ports Switch တို့၏ Specification အား အသေးစိတ် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး တင်ဒါပွဲလာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင် သို့မဟုတ် ကုမ္ပဏီမှ တာဝန်ခံနိုင်သည့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း တရားဝင်စာ ပူးတွဲတင်ပြနိုင်မည့် ကိုယ်စားလှယ်ဖြစ်ရမည်၊

(င) အဆိုပြုလွှာတွင် ဖော်ပြထားသော ဈေးနှုန်းတန်ဘိုးမှာ မြန်မာကျပ်ငွေဖြစ်ရမည်၊

(စ) ပေးသွင်းမည့်လုပ်ငန်းတွင် အသုံးပြုမည့်ကုန်ပစ္စည်း၏ Specification မှာ ဌာနမှရွေးချယ်သတ်မှတ်ထားသည့် ကုန်ပစ္စည်းအမှတ်တံဆိပ် အရည်အသွေးအတိုင်းနှင့် ထုတ်လုပ်သည့်နိုင်ငံ CO အတိုင်းဖြစ်ရမည်။ ပေးသွင်းရမည့် ပစ္စည်းများအား ရုံးအမှတ် (၃)၊ နေပြည်တော်အရောက်ပို့ဆောင်ပေးရမည်။ ပစ္စည်းများ၏ Specification သည် ဌာနမှရွေးချယ်သတ်မှတ်ထားသည့် Specification အတိုင်း ဖြစ်ရမည်၊

(ဆ) ရွေးချယ်ခံရပါက လုပ်ငန်းရွေးချယ်ခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ပင်ရင်းမှဖြတ်တောက်ခွန် ၂% ဖြတ်တောက်၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးသွင်းရန် သဘောတူရမည်၊

(ဇ) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀,၀၀၀/- နှုန်းဖြင့် ဝန်ကြီးရုံး၊ e-Government ဌာနခွဲတွင် ဝယ်ယူရမည်ဖြစ်ပါသည်၊

( ဈ ) တင်ဒါပုံစံများတင်သွင်းရာတွင် ICT ဆက်စပ်ပစ္စည်းများ၏ သတ်မှတ်အရည်အသွေး ၊ စံချိန်စံညွှန်းနှင့် တန်ဖိုးတို့ကို ပြည့်စုံစွာရေးသား ဖော်ပြရမည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ICT ဆက်စပ်ပစ္စည်း ၅ မျိုးအား ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် စိစစ်ဝယ်ယူသွားမည်ဖြစ်ပါ၍ တင်ဒါလာရောက်ယှဉ်ပြိုင်ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချသည့်နေ့ | - | ( ၇ - ၅ -၂၀၂၆ မှ ၂၀ - ၅ -၂၀၂၆ ရက်နေ့ထိ ) |
| တင်ဒါကော်မတီဖြင့် ဈေးနှုန်းစိစစ်မည့်ရက် | - | (သီးခြားထပ်မံအကြောင်းကြားပါမည်) |
| ကျင်းပမည့်နေရာ | - | တိုးချဲ့အစည်းအဝေးခန်းမ၊ |
| | - | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |
| ဆက်သွယ်ရန်ဖုန်း | - | ၀၆၇-၄၀၈၅၁၈ |

အမြဲတမ်းအတွင်းဝန် (ကိုယ်စား)
(သက်နိုင်၊ လက်ထောက်အတွင်းဝန်)

**ဖြန့်ဝေခြင်း ( ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန် )**

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူး ၊စီမံရေးရာဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ရုံးအမှတ် (၃)၊ ရုံးအမှတ်(၅၂)ကြော်ငြာသင်ပုန်းများ
မိတ္တူကို

ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ စားသုံးသူရေးရာဦးစီးဌာန
ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်
မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိမြို့နယ်